# မငြင်းကြနဲ့တော့



Photo: © UNICEF/NYHQ2006-1870/Robert Few

## မြန်မာနိုင်ငံတွင်း လက်နက်ကိုင်ပဋိပက္ခကြောင့် ထိခိုက်ခံစားနေရသည့် ကလေးများ

**ကြုံကြုံခံနေရသည့် မြန်မာ့နိုင်ငံရေးနှင့် လူမှုစီးပွားရေး ဝရုန်းသုန်းကားအခြေအနေတို့ အလယ်တွင် ကလေးထောင်ပေါင်းများစွာအနေနှင့် ကာလရှည်လျှားလှသည့် လက်နက်ကိုင်ပဋိပက္ခကြောင့် နိုင်ငံတဝှမ်း ဖွတ်ဖွတ် ညက်ညက်ကြေစေသည့် အကျိုးဆက်တို့**အား တွေ့ကြုံခံစားကြရပေသည်။ မြန်မာလက်နက်ကိုင်တပ်များနှင့် ၎င်းတို့နှင့်ပတ်သက်ရာပတ်သက်ကြောင်း လက်နက်ကိုင်အုပ်စုတို့သည် အတိုက်အခံပြည်နယ်မဲ့လက်နက်ကိုင်အင်အားစုများနှင့် အငယ်စားလက်နက်ကိုင်တိုက်ပွဲများကို ကရင်၊ ကယား၊ ရှမ်း၊ မွန်နှင့် ချင်းပြည်နယ်များတွင် ဆယ်စုနှစ်များစွာ ပြုလုပ်ခဲ့ကြသည်။ "အပစ်အခတ်ရပ်စဲ ရေးဒေသ" ဆိုသည့် အရပ်များတွင်ပင် အချို့ ပြည်နယ်မဲ့လက်နက်ကိုင်အင်အားစုများအနေနှင့် လက်နက်များကို ဆက်လက်ကိုင်စွဲထား၍ အချို့အရေးကိစ္စများတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကောင်စီ (နအဖ) ၏ ကိုယ်စားတပ်များအနေနှင့်လှုပ်ရှားကာ ကလေးများနှင့် ၎င်းတို့၏ အသိုင်းအဝိုင်းတို့အပေါ်တွင် အကြီးအကျယ်ကသောင်းကနင်း ထိခိုက်ပျက်စီးစေရန် ပြုလုပ်နေကြပေသည်။

ပေးပို့လာသည့် လူ့အခွင့်အရေးနှင့် ကလေးအခွင့်အရေးချိုးဖောက်မှုအစီရင်ခံချက်၊ မြင့်မားလာသည့် ဖြစ်ပွားမှုများနှင့် ရက်စက်မှုတို့က မြန်မာ့လက်နက်ကိုင်တပ်များနှင့် ပြည်နယ်မဲ့လက်နက်ကိုင်အင်အားစုတို့အနေနှင့် မြန်မာ့လက်နက်ကိုင်ပဋိပက္ခအတွင်း အဆိုးရွားဆုံးချိုးဖောက်မှုတို့အား ကလေးများအပေါ်ကျူးလွန်နေသည်ကို ညင်းဆန်၍မရနိုင်အောင် ဖော်ပြထားသည်။ နအဖအနေနှင့် ၎င်းကလေးများအား ပြည့်စုံသည့်၊ အသက်တစ်မျှဖြစ်သည့် လူသားဆိုင်ရာကူညီထောက်ပံ့မှုတို့အတွက် ဆက်လက်ငြင်းဆန်မှု မလုပ်သင့်တော့ပေ။ နောက်ဆုံးအနေနှင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီနှင့် နိုင်ငံတကာအသိုင်းအဝိုင်းအနေနှင့် ဆက်လက်ဖြစ်ပွားနေသည့် မြန်မာ့လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးတို့အား ထိပါးနှောင့်ယှက်မှု၊ ညှဉ်းပမ်းနှိပ်စက်မှုနှင့် မတရားဖိနှိပ်စော်ကားမှုတို့မှ အရေးပေါ်အကာ အကွယ်ပေးရေးကို ဆက်လက်ငြင်းဆန်မှုမလုပ်သင့်တော့ပေ။

### မငြင်းကြနဲ့တော့ – လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးများအပေါ် ထိပါးနှောင့်ယှက်မှု

မြန်မာနိုင်ငံ၏ ပဋိပက္ခဇုံအတွင်းတွင် နေထိုင်ကြသည့်ကလေးများမှာ မကြာခဏ ကျေးရွာများအား လက်လွတ်စပယ်ပစ်ခတ်သည့် လက်နက်ကြီးများနှင့် တိုက်ခိုက်မှုတို့ကြားတွင် ချောင်ပိတ်နေတတ်သည်။ မြင့်မားသည့်လိုအပ်ချက်ဖြစ်နေသည့် စစ်သားသစ်စုဆောင်းရေး၏ အကျိုးသက်ရောက်မှုတစ်ခုအနေနှင့် ကိုးနှစ်သားလောက်မျှသာငယ်ရွယ်သည့် ကလေးများပင်လျှင် လုံခြုံရေးတပ်များနှင့် အရပ်သားတို့၏ ကားဂိတ် သို့မဟုတ် ရထားဘူတာရုံနှင့် ဈေး စသည့် လူမြင်ကွင်းများ တွင်ပင် အတင်းအကျပ် သို့မဟုတ် အကျပ်ကိုင်၍ စစ်သားစုဆောင်းရေး၏ ချိန်းခြောက်မှုအား အတောမသတ်ရင်ဆိုင်ကြရသည်။ အမှန်မှာမူ စုဆောင်းရေးသမားများထံမှ ငွေ သို့မဟုတ် စားရေရိက္ခာရရှိနေသည့် စစ်သားများ၊ အရပ်သားပွဲစားများနှင့် ရဲများအတွက် ထိုစစ်သားစုဆောင်းရေးနှင့် ကလေးများအား အသုံးပြုမှုတို့မှာ အမြတ်အစွန်းရသည့် စီးပွားရေးလုပ်ငန်းအဖြစ်သို့ ပြောင်းလည်းလာခဲ့သည်။ မြန်မာလက်နက်ကိုင်တပ်များအနေနှင့်လည်း လူနည်းစုတိုင်းရင်းသား ထဲမှ မိန်းမများနှင့် အမျိုးသမီးငယ်များအပေါ် အဆိုးရွားဆုံးလုပ်ရပ်များအဖြစ် မုဒိမ်းမှုအပါအဝင် လိင်ပိုင်းဆိုင်ရာ စော်ကားနှောင့်ယှက်မှုများရှိနေသည်ဟု အစွပ်စွဲခံနေရသည့်အတိုင်း ကျူးလွန်မြဲပင်ဖြစ်သည်။ ထို့ထက်ပို၍ မြန်မာ့လက်နက်ကိုင်တပ်များက ပညာရေးအဆောက် အအုံတို့အား စစ်ဆင်ရေးကိစ္စအတွက် သိမ်းပိုက်ထား၍ ဆရာဆရာမများ ကျောင်းသားကျောင်းသူတို့အား အဓမ္မလုပ်အားပေးရေးအတွက် စုဆောင်း ခိုင်းစေသည့်အပြင်၊ ကျောင်းအနီးပါတ်ဝန်းကျင်နှင့် ကျောင်းသွားရာလမ်းတလျှောက်တွင် မြေမြှုပ်မိုင်းထောင်ခြင်းတို့ကို ပြုလုပ်ကြသည်။ နိုင်ငံတကာဟစ်တိုင်များတွင် ယင်းလူ့အခွင့်အရေးချိုးဖောက်မှုများနှင့် လူထုပိုင်အရင်းအမြစ်တို့အား စည်းလုံးသည့် နိုင်ငံတော်အား ဆန့်ကျင်တိုက်ပွဲဝင်နေကြသည့် လက်နက်ကိုင်အဖွဲ့အစည်းတို့အား တိုက်ခိုက်ရန်အတွက် မရှိမဖြစ်လိုအပ်သည့် အတိုင်းအတာများအဖြစ် စစ်တပ်အခန်းကဏ္ဍသို့ လွှဲပြောင်းခြင်းတို့ကို နအဖအနေနှင့် အခြားသူတို့၏ ထုပ်ဖော်တင်ပြခြင်းခံနေရပေသည်။

အထူးသဖြင့် ထိုနအဖနှင့်ပတ်သက်သည့် ပြည်နယ်မဲ့ လက်နက်ကိုင်များအနေနှင့်လည်း ကလေးစစ်သားစုဆောင်းခြင်း၊ ဥပဒေမဲ့ သတ်ဖြတ်ခြင်းများ၊ မုဒိမ်းကျင့်ခြင်းနှင့် ခြိမ်းချောက်ငွေညှစ်ခြင်းအပါအဝင် ကလေးများနှင့် အခြားအရပ်သားတို့အပေါ် ဖောက်ဖျက်ကျူးလွန်မှုများကို ပြုလုပ်လျက်ရှိနေသည်။ ပြည်နယ်မဲ့လက်နက်ကိုင်အဖွဲ့အများစုအနေနှင့်ကလေးများအား ၎င်းတို့၏လက်နက်ကိုင်တပ်များအတွင်း စစ်သားစုဆောင်းမှုပြုလုပ်ကာ အသုံးပြုလျက်ရှိကြောင်း သတင်းရရှိထားပြီးဖြစ်သည်။ သို့သော်ငြားလည်း မြန်မာ့တပ်မတော်၏ လက်နက်ကိုင်တပ်များထက်လျော့နည်းသည့် အတိုင်းအတာမျှသာလျှင် ရှိသည်။



WATCHLIST ON CHILDREN AND ARMED CONFLICT



Photo: © UNICEF/NYHQ2006 - 1869/Robert Few



Photo: Watchlist



Photo: Ann Richard and Gordon Brown/International Rescue Committee

ထိုချိုးဖောက်ကျူးလွန်မှုများအပြင် နေရပ်မှ အတင်းအကျပ် မောင်းနှင်ထုတ်ခြင်း၊ အဓမ္မခေါ်ဆောင်ခြင်း၊ အဓမ္မလုပ်အားပေးခိုင်းစေခြင်းနှင့် လူကုန်ကူးခြင်းကဲ့သို့သော အခြားကျူးလွန်မှုများတို့မှာ မြန်မာ့လက်နက်ကိုင်တပ်များနှင့် ပြည်နယ်မဲ့လက်နက်ကိုင်တပ်များက မြန်မာနိုင်ငံ၏ ဒေသများအတွင်း ကလေးများနှင့် ၎င်းတို့၏မိသားစုတို့အပေါ် ဆက်တိုက်လုပ်ဆောင်နေသည့် ကျူးလွန်မှုများပင်ဖြစ်သည်။

သက်သေလုံလောက်သည့်အနေအထားဖြစ်စေကာမူ ကျယ်ကျယ်ပြန့်ပြန့်အရေးယူမှုမရှိခြင်းနှင့် တာဝန်မဲ့ထားရှိမှုများက တရားခံများအား အပြစ်ပေးမခံရဘဲ ခံရသူများအား တရားဥပဒေအတိုင်း ဆောင်ရွက်ခွင့်နှင့် မျှတသည့် ဆေးကုသမှုအခွင့်အရေးတို့ကို ပိတ်ပင်ထားခြင်းကို ဖြစ်ပေါ်စေသည်။ အကြီးအကျယ် လူသိထင်ရှားမှုဒိန်းမှုတွင်ပင် တရားခံများအား တရားဥပဒေအရ ခေါ်ဆောင်အပြစ်ပေးခြင်းမရှိခဲ့ပေ။ ပြောင်းပြန်ဖြစ်သည့်အနေနှင့် အချို့မှုခင်းများတွင် လွတ်မြောက်လာသူများအနေနှင့် ၎င်းတို့ကိုယ်တိုင်ပင်လျှင် ခြိမ်းခြောက်မှုခံရခြင်း သို့မဟုတ် ပြန်လည် ပြောပြသည့်အတွက် အပြစ်ပေးခံရခြင်းတို့ရှိသည်။ ထိုနည်းတူ အရွယ်မရောက်သေးသည့် စစ်သားစုဆောင်းမှုအတွက် အပြစ်ဒဏ်များမှာလည်း အားနည်းနေပေသည်။ ကုလသမဂ္ဂ၏ ၂၀၀၇ ခုနှစ် စက်တင်ဘာလမှ ၂၀၀၈ ခုနှစ် ဒီဇင်ဘာလအတွင်း စီစစ်အတည် ပြုထားသည့် စစ်သားစုဆောင်းမှု ၂၁ ခုအပေါ် အရေးယူမှုများတွင် တရားဝင်အပြစ်ဖော်ဆုံးမခြင်း၊ ငွေဒဏ်ချမှတ်ခြင်းနှင့် ဖြစ်စဉ်တစ်ခုအတွင်း စစ်သက် တစ်နှစ်လျှော့ချအပြစ်ပေးခြင်းတို့ရှိသည်။ ထိုလျှော့နည်းသည့် အပြစ်ပေးမှုများ၏ အကျိုးသက်ရောက်မှုအနေနှင့် ဒေသခံတပ်မှူးများအနေနှင့် မကြာခဏဆိုသကဲ့သို့ ၎င်းတို့၏ စစ်သက်လျှော့အပြစ်ဒဏ်ဖြစ်သည့် ပြင်းထန်သည့်အပြစ်ပေးခံရမှုထက် ကလေးစစ်သားစုဆောင်းမှု ကျူးလွန်ခြင်းအား ရွေးချယ်လေ့ရှိသည်။ ယေဘုယျအနေနှင့် လုံလောက်သည့် ဆေးဝါး၊ တရားရေးနှင့် စိတ်ပိုင်းဆိုင်ရာ ထောက်ပံ့မှုနည်းပါးခြင်းတို့နှင့် ပေါင်းစပ်ထားသည့် အပြစ်ဒဏ်ချမှတ်မှုက ကျူးလွန်ခြင်းခံရသူများနှင့် ၎င်းတို့၏မိသားစုဝင်များအား ကျူးလွန်မှုများကို အစီရင်ခံခြင်းနှင့် အကူအညီရှာဖွေမှု သို့မဟုတ် လျော်ကြေးရလိုမှုတို့အား ဟန့်တားခြင်းဖြစ်စေပေသည်။

## မငြင်းကြနဲ့တော့ – လူသားချင်းစာနာသည့် အထောက်အပံ့

နအဖ၏ တင်းကျပ်သည့် စည်းကြပ်မှုများအရ နိုင်ငံတကာအဖွဲ့အစည်းများအနေနှင့် အရှေ့ပိုင်းဒေသရှိ ပဋိပက္ခအပြင်းအထန်ဖြစ်ပွားနေသည့် ဇုံနယ်မြေများနှင့် အချို့အပစ်အခတ်ရပ်စဲထားသည့် နယ်မြေတို့အား ဝင်ရောက်ထိစပ်ခွင့်မရှိပေ။ အကျိုးတရားအနေနှင့် ထိုဒေသများအတွင်း နေထိုင်ကြသော ကလေးများနှင့် ၎င်းတို့၏မိသားစုဝင်တို့သည် လုံလောက်သည့် လူသားချင်းစာနာသည့် အသက်ကယ်ဆယ်ရေးအထောက်အပံ့များမရရှိဘဲ စစ်တပ်၏တိုက်ခိုက်မှုများ၊ မြေမြှုပ်မိုင်း ထိခိုက်ဒဏ်ရာရမှုများနှင့် ကျယ်ပြန့်သည့် ကူးစက်ရောဂါများတို့အား ရင်ဆိုင်ခံစားရပေသည်။ တိုက်ပွဲဖြစ်ပွားနေသည့် ဇုံနယ်မြေများတွင် ကလေးတို့အား ဖြစ်ပွားလေ့ရှိသည့်ရောဂါများအား ကာကွယ်ရန် ကာကွယ်ဆေးထိုးခြင်းမှာ ရံဖန်ရံခါမျှသာရှိသည်။ ဒီမိုကရက်တစ်ရီပတ်ဘလစ် ကွန်ဂို၊ အာဖဂန်နစ္စတန်တို့နှင့်ဆင်တူစွာ ကုသနိုင်သည့် ရောဂါများပင် ဖြစ်စေကာမူ အရှေ့ပိုင်း ပဋိပက္ခဖြစ်ပွားရာ ဒေသများအတွင်းတွင် ခန့်မှန်းခြေငါးနှစ်သားအရွယ်မတိုင်ခင်တွင် အဓိကအားဖြင့် ကလေးငါးယောက်တွင် တစ်ယောက်နှုန်းသေဆုံးလျက်ရှိပေသည်။ ထို့အပြင် အထူးသဖြင့် ထိုပဋိပက္ခအကျိုးဆက်ကိုခံစားနေရသောဒေသများတွင် ဆင်းရဲငတ်မွတ်မှု သို့မဟုတ် အမှန်တကယ်မရှိသည့်ကိုယ်ဝန်ဆောင် စောင့်ရှောက်ရေးနှင့် မီးဖွားပြီးမိခင်နှင့်ကလေးစောင့်ရှောက်ရေးတို့အနေနှင့် မြန်မာနိုင်ငံတွင် မိခင်ရောကလေးပါ အလွန်အန္တရာယ်များစေလေသည်။

အရေးပေါ်လူသားဆိုင်ရာလိုအပ်ချက်များအား တွန်းအားပေးနေသော်လည်း အလှူရှင်များစွာတို့က လူသားချင်းဆိုင်ရာစောင့်ရှောက်ရေးအဖွဲ့အစည်းများအတွက် အတိုင်းအတာနှင့်ပေးအပ်ထားသည့် လုပ်ငန်းလည်ပတ်မှုဆိုင်ရာ အတိုင်းအတာအတွင်း မည်မျှထိရောက်မှုရှိသည့် ကူညီမှုဖြစ်ကြောင်း စေ့ငုကြကာ မြန်မာနိုင်ငံအားပေးအပ်သည့် အကူအညီတို့အား ရပ်တန့်ကြသည်။ စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ Organization for Economic Cooperation and Development (OECD) ၏ အဆိုအရ မြန်မာနိုင်ငံသို့ပေးအပ်သည့် တရားဝင်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အပံ့ Official Development Assistance (ODA) မှာ ဖွံ့ဖြိုးတိုးတက်မှုအနည်းဆုံးနိုင်ငံများအတွင်း တစ်ဦးချင်းပေးအပ်မှု အနည်းဆုံးဖြစ်သည်ဟုသိရသည်။ မြန်မာနိုင်ငံတွင်း လုပ်ကိုင်ဆောင်ရွက်နေကြသည့် အချို့နိုင်ငံတကာအဖွဲ့အစည်းများက ဤသို့နည်းပါးသည့် ထောက်ပံ့မှုအတိုင်းအတာကြောင့် နအဖက တရားဝင်ခွင့်ပြုပေးထားသည့် ကန့်သတ်အတိုင်းအတာအပေါ်အခွင့်အရေးမရနိုင်စေရန် တားဆီးစေပြီး ၎င်းတို့အားအကောင်းဆုံးထိစပ်နိုင်ရေးအတွက် တွန်းအားပေးရေးကို အတားအဆီးဖြစ်စေသည်ဟု အငြင်းအခုန်လုပ်ကြသည်။ အားဖြည့်တိုးမြှင့်ပေးမည့် ကူညီထောက်ပံ့မှုသည် မြန်မာနိုင်ငံတွင်းနှင့် အိမ်နီးခြင်းနိုင်ငံမှဖြတ်ကျော်၍ လုပ်ကိုင်ဆောင်ရွက်နေကြသည့် အဖွဲ့အစည်းများအနေနှင့် အသေအချာလိုအပ်နေသည့်အချိန်တွင် ကူညီထောက်ပံ့မှုက အသေအချာအာမခံနိုင်သည့်အကူအညီဖြစ်ရမည်ဖြစ်၍ အနည်းဆုံးစံချိန်စံနှုန်းများကိုရောက်ရှိကာ လွတ်လပ်သည့် စောင့်ကြည့်စစ်ဆေးမှုကို ခွင့်ပြုပေးရမည်ဖြစ်သည်။

## မငြင်းကြနဲ့တော့ – လိုအပ်သည့် အရေးပေါ်ဆောင်ရွက်မှုများ

ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ဆုံးဖြတ်ချက် ၁၆၁၂ (၂၀၀၅) နှင့်အညီ ကုလသမဂ္ဂဦးဆောင် အထူးတာဝန်ပေးအပ်ထားသည့် တပ်ဖွဲ့အား ကုလသမဂ္ဂ၏ အစိုးရမဟုတ်သည့်အဖွဲ့အစည်းများ NGOs နှင့် ပူးပေါင်းဆောင်ရွက်ရရှိထားသည့် လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးများအပေါ် ဆိုးရွားသည့် ချိုးဖောက်မှုခြောက်ခု၏ သတင်းအချက်အလက်များအားအသုံးပြု၍ စောင့်ကြပ်စစ်ဆေးအစီရင်ခံမှုများ လုပ်ဆောင်ရန် ၂၀၀၇ ခုနှစ် ဇွန်လတွင် ထူထောင်ခဲ့သည်။ ထို နိုင်ငံတွင်းသို့ အထက်မှ ကြိုးပမ်းအားထုတ်မှုများပေးအပ်၍ လက်နက်ကိုင်ပဋိပက္ခကြောင့် ထိခိုက်ခံစားနေရသည့် ကလေးများအတွက် လုပ်ကိုင်ဆောင်ရွက်နေသည့် ထိုင်းနိုင်ငံအခြေစိုက်လုပ်ငန်းအဖွဲ့က မြန်မာနိုင်ငံတွင်း အထူးတပ်ဖွဲ့ထံ အဆင့်တူ ထိရောက်စွာ လှုပ်ရှားသရုပ်ဆောင်လျက် သတင်းများပေးပို့ခဲ့ပေသည်။ ထိုကာလကတည်းက မြန်မာနိုင်ငံရှိ အထူးတပ်ဖွဲ့က မြန်မာ့လက်နက်ကိုင်တပ်များအတွင်းမှ ကလေးများစွာအား ကယ်ထုပ်နိုင်ခဲ့သည့်အပြင် နအဖအာဏာပိုင်များနှင့် ပဏာမဆွေးနွေးမှုများအား ထိုင်းနိုင်ငံရှိအထူးတပ်ဖွဲ့အကူအညီအပါအဝင် ပြည်နယ်မဲ့ လက်နက်ကိုင်အင်အားစုနှစ်ခု၏ ပူးပေါင်းပါဝင်မှုဖြင့် ကလေးများအား လက်နက်ကိုင်တပ်များ၊ အုပ်စုများအတွင်း စစ်သားစုဆောင်းအသုံးပြုမှုရပ်တန့်ရေးစီမံချက်များကို ဆောင်ရွက်ခဲ့သည်။ တချိန်တည်းမှာပင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ၂၀၀၇ ခုနှစ် မြန်မာကလေးများ နှင့် လက်နက်ကိုင်ပဋိပက္ခအစီရင်ခံစာက မြန်မာနိုင်ငံတွင်း စောင့်ကြည့် စစ်ဆေးအစီရင်ခံမည့် ယန္တရားအနေနှင့် ပြည့်စုံသည့် လည်ပတ်မှုများ လုပ်ဆောင်နိုင်မှုမရှိစေရေးအတွက် ပြင်းထန်သည့် စိန်ခေါ်မှုများရှိနေသည်ဟု မှတ်ချက်ချခဲ့သည်။

အခြားအကြောင်းကိစ္စများအကြား မြန်မာနှင့်ထိုင်းနိုင်ငံရှိ အထူးတပ်ဖွဲ့များအနေနှင့် ပြည်နယ်မဲ့လက်နက်ကိုင်အင်အားစုတို့နှင့် ပြည့်စုံသည့် ပူးပေါင်းဆောင်ရွက်မှုလုပ်ဆောင်ရေးအား မဆောင်ရွက်နိုင်သကဲ့သို့ ၎င်းတို့၏အရည်အသွေးနှင့် ပဋိပက္ခဖြစ်ပွားနေသည့်ဒေသများတွင် သက်ဆိုင်ရာ အာဏာပိုင်တို့ချမှတ်ထားသည့် တင်းကြပ်ထားသည့် အနေအထားတို့ကြောင့် စစ်ဆေးအတည်ပြုမှုတို့အား ဖြစ်ညှစ်၍ လုပ်ကြရပေသည်။ ထို့ပြင် အထူးတပ်ဖွဲ့များအနေနှင့် ထိရောက်သည့် ပူးပေါင်းလုပ်ဆောင်မှုအား အစိုးရမဟုတ်သည့်အဖွဲ့အစည်းများနှင့်လုပ်ဆောင်မှုမရှိသည့်ပြင် ထိုင်းနိုင်ငံရှိအထူးတပ်ဖွဲ့က ကိုးကားပြောဆိုသည်မှာ အစိုးရမဟုတ်သည့်အဖွဲ့အစည်းသတင်းကို အတည်ပြုရေးမှာလည်း ထိုတင်းကြပ်မှုများကြောင့် လုပ်ဆောင်နိုင်ခြင်းမရှိဟူ၍ဖြစ်သည်။ ကျူးလွန်ခံရသူများနှင့် တရားလိုတို့အား ထိရောက်သည့်အကာအကွယ် ပေးမှုအနေနှင့်လည်း ထပ်တလဲလဲဖြစ်နေသည့် စိန်ခေါ်မှုအဖြစ် နိုင်ငံတကာအလုပ်သမားအဖွဲ့ကြီး International Labour Organization (ILO) နှင့် နအဖတို့၏ ကလေးစစ်သားစုဆောင်း ရေး တရားလိုများအား စာရင်းကောက်ယူအမှုဖွင့်အရေးယူပေးရေး သဘောတူထားချက်များအား ချိုးဖောက်၍ မြန်မာနိုင်ငံတွင်းအထူးတပ်ဖွဲ့ဝင်များအနေနှင့် ၎င်းတို့ကိုယ်တိုင်ပင် နအဖ၏အနှောက်ယှက်ခံရခြင်း၊ အရေးယူခံရခြင်းနှင့် ဖမ်းဆီးထိမ်းသိမ်းခံရခြင်းတို့ ဖြစ်ပေါ်လျက်ရှိသည်။

ထို့အပြင် ကုလသမဂ္ဂလုံခြုံရေးကောင်စီကဆောင်ရွက်နေသည့် အရေးယူမှုများအနေနှင့် မြန်မာ့လက်နက်ကိုင်ပဋိပက္ခကြောင့် ထိခိုက်ခံစားရသည့် ကလေးများ၏ ဆိုးရွားသည့်အခြေအနေအား အပြည့်အဝကူညီလုပ်ဆောင်ရန် ဆန္ဒမရှိသည်ကို လက်တွေ့ပြနေပေသည်။ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ငါးနှစ်ကျော်လောက်က အမည်ဖော်ထုတ်ပြောဆိုထားသည့် ကလေးစစ်သားစုဆောင်းသည့် ဖွဲ့ကောင်းနေသည့် တရားခံကို အရေးယူရန်တောင်းဆိုရမည့်အစား ၂၀၀၈ လုံခြုံရေးကောင်စီအလုပ်အဖွဲ့၏ မြန်မာနိုင်ငံ၏ကလေးများနှင့်လက်နက်ကိုင်ပဋိပက္ခသုံးသပ်ချက်တွင် ကုလသမဂ္ဂနှင့် အခြားသတင်းရပ်ကွက်များပေးပို့သည့် ယုံကြည်ရလောက်သည့်အဖြစ်အပျက်များ လုံလောက်သည့် အနေအထားရှိသော်ငြားလည်း မြန်မာလက်နက်ကိုင်တပ်များ၏ စစ်သားစုဆောင်းရေးနှင့် ကလေးများအားအသုံးချနေခြင်းအပေါ် အသိအမှတ်မပြုခဲ့ကြပေ။

ဤစာတမ်းသည် စောင့်ကြည့်မှတ်တမ်းတင်အဖွဲ့၏ မငြင်းကြနဲ့တော့ – မြန်မာနိုင်ငံတွင်း လက်နက်ကိုင်ပဋိပက္ခကြောင့် ထိခိုက်ခံစားနေရသည့်ကလေးများအစီရင်ခံစာ အပြည့်အစုံ၏ အကျဉ်းဖြစ်သည်။ ပြည့်စုံသည့်အစီရင်ခံစာအနေနှင့် အဓိကအားဖြင့် လူထုဆိုင်ရာပိုင်နက် public domain များမှ ဆွဲယူထားခြင်းဖြစ်သည့် ဒုတိယဌာနများ၏ သတင်းအချက်အလက်များအပေါ်တွင် ထင်ဟပ်သည်။ သတင်းအချက်အလက်များကို ကမ္ဘာပေါ်ရှိကလေးများအရေး ဆောင်ရွက်နေသည့် အဖွဲ့အစည်းတို့၏ တိုးချဲ့ကွန်ယက်မှ စုဆောင်းထားခြင်းဖြစ်သည်။ ခွဲခြမ်းစိတ်ဖြာမှုအား ထူးခြားသည့်အခြေအနေအပေါ် ကျွမ်းကျင်မှုနှင့် အတွေ့အကြုံရှိသူတို့၏ စည်းကမ်းဆိုင်ရာအဖွဲ့မှ ပေးအပ်ထားခြင်းဖြစ်သည်။ ဤ အစီရင်ခံစာအကျဉ်းနှင့် အစီရင်ခံစာအပြည့်အစုံတွင် သတင်းပင်ရင်းများအား အစီရင်ခံစာအပြည့်အစုံ၏အဆုံးတွင် အက္ခရာစဉ်အတိုင်း ပုံနှိပ်ဖော်ပြထားပါသည်။ အချို့သတင်းပင်ရင်းတို့မှာ လျှို့ဝှက်ထားရှိသဖြင့် ၎င်းတို့၏လုံခြုံ ရေးအား ကာကွယ်သည့်အနေနှင့် ထည့်သွင်းဖော်ပြထားခြင်းမရှိပါ။ ဤအစီရင်ခံစာတွင် ပါဝင်သည့်ဓါတ်ပုံများထဲမှ သူတို့မှာ လူ့အခွင့်အရေးနှင့် အခြားစော်ကားမှု အကျူးလွန်ခံရသူများ သို့မဟုတ် လွတ်မြောက်လာသူများဟု ယူဆရန်မလိုအပ်ပါ။



Photo: Karen Human Rights Group



Photo: Anne Richard/International Rescue Committee



## အရေးပေါ်အကြံပြုချက်များ

အောက်ပါတို့မှာ စောင့်ကြည့်မှတ်သားရေးအဖွဲ့ Watchlist အစီရင်ခံစာ၏ အဓိကအကြံပြုချက်များဖြစ်သည်။

### ၁။ ထိရောက်သည့်အတိုင်းအတာများဖြင့် လက်နက်ကိုင်ပဋိပက္ခများအကြား ကလေးများအား ချိုးဖောက်စော်ကားခံရခြင်းမှ ကာကွယ်တားဆီးရေးနှင့် အပစ်ဒဏ်ခတ်မှု အဆုံးသတ်ရေး

- နအဖနှင့် ပြည်နယ်မဲ့လက်နက်ကိုင်အင်အားစုများအနေနှင့် ကလေးများအား စစ်သားစုဆောင်းရေးလုပ်ငန်းအားလုံးကို ချက်ခြင်းရပ်တန့်ရန်၊ စစ်ဌာနများတွင်လက်ရှိရှိနေသည့် ကလေးများအား ချက်ခြင်းလွှတ်ပေးရန်နှင့် ၎င်း ၁၈နှစ်မတိုင်မီ အစုဆောင်းခံထားရသူတို့အား ထွက်ခွာလိုပါက ထွက်ခွာနိုင်သည့် ရွေးခြယ်ခွင့်ကို ပေးအပ်သင့်ပေသည်။ ဤလုပ်ငန်းစဉ်အတွင်း ၎င်းတို့အနေနှင့် မြန်မာနိုင်ငံတွင်းနှင့်/သို့မဟုတ် ထိုင်းနိုင်ငံရှိ သင့်လျော်သည့် ကုလသမဂ္ဂနိုင်ငံအသင်းနှင့် ကလေးများအား ၎င်းတို့၏မိသားစုများထံ သို့မဟုတ် အရေးပေါ် စောင့်ရှောက်ရေးဌာနများသို့လွှတ်ပေးရန် နီးကပ်စွာပူးပေါင်း ဆောင်ရွက်သင့်ပေသည်။
- နအဖနှင့် ပြည်နယ်မဲ့လက်နက်ကိုင်အင်အားစုများအနေနှင့် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံရှိ ကုလသမဂ္ဂနိုင်ငံအသင်းများနှင့်အတူ နိုင်ငံတကာစံများနှင့်အညီ ကလေးများအား စစ်သားစုဆောင်းရေးနှင့် အသုံးချနေမှုကို ရပ်တန်းကရပ်ရန်ဆောင်ရွက်ရေးစီမံချက်များ ပူးပေါင်းလုပ်ဆောင်သင့်သည်။ ဤအချက်တွင် လူသားချင်းစာနာမှုဆိုင်ရာ ဝန်ထမ်းမှ စစ်ရာထူးအပ်နှံခြင်းအထိ ကလေး များအပေါ်အတည်ပြုပေးရန် တင်းကြပ်မှုမထားသည့် ထိစပ်ခွင့်ပေးရေးနှင့် ၎င်းတို့လွှတ်မြောက်ရေး ကူညီထောက်ပံ့ပေးရေး၊ ပြန်လည်ပေါင်းစည်းရေးနှင့် ပြန်လည်ပြုစုပြိုးထောင်ရေးတို့ပါဝင်သည်။
- နအဖနှင့် ပြည်နယ်မဲ့လက်နက်ကိုင်အင်အားစုများအနေနှင့် ကလေးစစ်သားစုဆောင်းခြင်း၊ မုဒိန်းကျင့်ခြင်း၊ သတ်ဖြတ်ခြင်းနှင့် အခြားပြင်းထန်သောပြစ်မှုများကျူးလွန်သည်ဟု စွပ်စွဲခံရသည့်ဝန်ထမ်းအပေါ်တရားစွဲခြင်းအပြင် ထိုအပြစ်ရှိသူများအား အပြစ်အပြည့်အဝပေးရေးကို နိုင်ငံတော်ဥပဒေပြဌာန်း၍ လုပ်ဆောင်သင့်သည်။
- ကုလသမဂ္ဂကလေးများရံပုံငွေအဖွဲ့ UNICEF၏အကူအညီဖြင့် နအဖအနေနှင့် သင့်လျော်သည့် ပြန်လည်စုစည်းထားသည့် ပေါ်လစီများဖြင့် ကလေးများအား လက်နက်ကိုင်တပ်များနှင့် အုပ်စုများမှ လွှတ်မြောက်စေရေးအစီအစဉ်များအား ချက်ခြင်းပြုစုချမှတ်လုပ်ဆောင်သင့်သည်။ တပ်ပြေးမှုနှင့် လက်ရှိအထိမ်းသိမ်းခံထားရသောကလေးများအား ချက်ခြင်းလွှတ်ပေးသင့်၍ ၎င်းတို့၏မိသားစုများနှင့် အခြားအစောင့်အရှောက်ပေးသူများ သို့မဟုတ် သင့်လျော်သည့် ကလေးပြုစုစောင့်ရှောက်ရေးလုပ်ငန်းများပေးဝေသူများ တစ်ခုမဟုတ်တစ်ခုထံသို့ လွှဲပြောင်းပေးသင့်ပေသည်။
- ကုလသမဂ္ဂလုံခြုံရေးကောင်စီအနေနှင့် နအဖနှင့် သင့်လျော်သည့် ပြည်နယ်မဲ့လက်နက်ကိုင်အင်အားစုများအား ၎င်းတို့တပ်များအတွက် ကလေးစစ်သည်စုဆောင်းမှုအားလုံးရပ်တန့်စေရန် လုပ်ဆောင်၍ ၎င်းတို့၏တပ်များအတွင်းမှ ကလေးများအား ချက်ခြင်းပြန်လွှတ်ပေးရန်၊ ၎င်းတို့၏ဆောင်ရွက်မှုအစီအစဉ်အား နိုင်ငံတကာစံချိန်စံညွှန်းများအား လေးစားလိုက်နာကာ တိကျသည့် နောက်ဆုံးအချိန်သတ်မှတ်၍ လုပ်ဆောင်သင့်ပေသည်။ အကယ်၍ တိကျသည့်သတ်မှတ်ချိန်အတွင်း လက်ဆုတ်လက်ကိုင်ပြနိုင်သည့် အောင်မြင်မှုမရရှိပါက လုံခြုံ ရေးကောင်စီ အနေနှင့် ဆုံးဖြတ်ချက် ၁၅၃၉ နှင့် ၁၆၁၂ တို့နှင့် တစ်ပြေးညီ ပစ်မှတ်ထားသည့် အတိုင်းအတာများကို ချမှတ်လုပ်ဆောင်သင့်ပေသည်။
- ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ကလေးများနှင့် လက်နက်ကိုင်ပဋိပက္ခအပေါ်ဆောင်ရွက်နေသည့်အလုပ်အဖွဲ့အနေနှင့် မြန်မာနိုင်ငံတွင်းရှိအခြေအနေကို ချက်ခြင်းပြန်လည်သုံးသပ်ကာ ၎င်းတို့၏ ကရိယာပစ္စည်းတို့၏ အပြည့်အဝလုပ်နိုင်စွမ်းကို အသုံးချ၍ ပြင်းထန်သည့် သုံးသပ်ချက်များအား ထုတ်ပြန်သင့်သည်။
- မြန်မာနှင့်ထိုင်းနိုင်ငံရှိ စောင့်ကြည့်စစ်ဆေးအစီရင်ခံမှုယန္တရားအထူးတပ်များအနေနှင့် ပြည်နယ်မဲ့လက်နက်ကိုင်အင်အားစုများအပါအဝင် အဖွဲ့ပေါင်းစုံနှင့်အတူ ကလေးများအပေါ် ချိုးဖောက်နေမှုများအား ရပ်တန့်စေရေးရည်ရွယ်ချက်အတိုင်း ဆောင်ရွက်မှု လုပ်ငန်းစီမံချက်များတိုးတက်လာရေးနှင့် ရရှိနိုင်သည့်လမ်းကြောင်းအားလုံးကိုအသုံးပြု၍ မြန်မာနိုင်ငံ၏ လက်နက်ကိုင်ပဋိပက္ခအပေါ် တိုက်ရိုက်ဆွေးနွေးမှုပြုသင့်သည်။
- အရှေ့တောင်အာရှနိုင်ငံများအဖွဲ့ (အာစီယံ)အနေနှင့် အာစီယံမူဝါဒတွင် ကလေးများ၏အခွင့်အရေးတိုးတက်ရေးနှင့် ကာကွယ်ရေးကိစ္စအား ဦးစားပေးအနေနှင့်ထည့်သွင်းရန်နှင့် ထိရောက်သည့်အတိုင်းအတာများနှင့် အာစီယံအဖွဲ့ဝင်နိုင်ငံများအနေနှင့် ကလေးများအား လက်နက်ကိုင်ပဋိပက္ခ၏ ထိခိုက်ခံစားရမှုအပေါ်တွင် အသေအချာအကာအကွယ်ပေးနေခြင်း ရှိမရှိစစ်ဆေးရန်၊ စစ်တပ်များနှင့် လက်နက်ကိုင်အဖွဲ့အစည်းများအတွင်း ကလေးများအားအသုံးပြုနေမှုကို ရပ်တန့်ရေးနှင့် အပြစ်ရှိသူတို့အနေနှင့် ဒဏ်ခတ်မခံရခြင်းတို့အား ရပ်တန့်ရေးတို့ကို လုပ်ဆောင်သင့်သည်။
- မြန်မာဒုက္ခသည်များလက်ခံနေသည့် အစိုးရများအနေနှင့် ကုလသမဂ္ဂနှင့် နိုင်ငံတကာ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ INGOs အား ကလေးများအပေါ်ချိုးဖောက်မှုများအား အဆုံးသတ်စေရေး လုပ်ငန်းစီမံချက်တိုးတက်လာစေရေးရည်ရွယ်ချက်နှင့် ပြည်နယ်မဲ့လက်နက်ကိုင်အင်အားစုများအပါအဝင် အဖွဲ့ပေါင်းစုံနှင့်အတူ မြန်မာနိုင်ငံ၏လက်နက်ကိုင်ပဋိပက္ခအပေါ်ဆွေးနွေးမှုအား ခွင့်ပြုပေးသင့်သည်။

### ၂။ လူသားခြင်းစာနာသည့် အကူအညီနှင့် ရက်စက်မှုခံစားရသူများအား အကူအညီပေးသည့်အစီအစဉ်များအား ပေးဝေရေး

- နအဖနှင့် ပြည်နယ်မဲ့လက်နက်ကိုင်အင်အားစုများအနေနှင့် လူသားချင်းစာနာထောက်ပံ့မှုလုပ်ဆောင်သူများအား တင်းကြပ်မှုမထားခြင်းနှင့် မြန်မာနိုင်ငံတွင်းရှိ ဒေသအားလုံးအား လုံခြုံစိတ်ချရသည့် ဆက်သွယ်ဆောင်ရွက်မှုများပြုလုပ်နိုင်ရန် ကူညီသင့်ပြီး အရပ်သားအားလုံး၏ လုံခြုံရေး အာမခံပေးရေး၊ လူသားခြင်းစာနာမှုဖြင့် ထောက်ပံ့ပေးသည့် အထောက်အပံ့များအား ထိုလူထုမရရှိနိုင်ရန်ဟန့်တားမှုမပြုရေးအပြင် ရရှိစေရေးအတွက် အားပေးဆောင်ရွက်မှုများ ပြုသင့်သည်။
- နအဖအနေနှင့် ကလေးများအခွင့်အရေးအပြည့်အဝရရှိစေရေး၊ လူမှုရေးလုပ်ငန်းများနှင့် အစိုးရထိန်းချုပ်ထားသည့်ဒေသများနှင့် အပစ်အခတ်ရပ်စဲထားသည့်ဒေသများအတွင်း ကလေးများအားအကူအညီပေးရေးအား ဦးစားပေးသတ်မှတ်၍ နိုင်ငံတော်အသုံးစားရိတ်ပမာဏအား သိသာထင်ရှားစွာ တိုးမြှင့်လုပ်ဆောင်သင့်သည်။
- နအဖ၊ အာစီယံနှင့် ကုလသမဂ္ဂတို့အနေနှင့် သုံးပွင့်ဆိုင်ဗဟိုအဖွဲ့ Tripartite Core Group (TCG) ယန္တရားအားထိရောက်သည့်ပုံစံအနေနှင့် အရေးပါသည့်လူသားခြင်းစာနာရေး အရေးထားစရာများအားကိုင်တွယ်ရေးနှင့် ၎င်းအား အခြားဘေး

ကလေးများနှင့် လက်နက်ကိုင်ပဋိပက္ခ စောင့်ကြည့်မှတ်တမ်းတင်အဖွဲ့ Watchlist on Children and Armed Conflict အနေနှင့် လက်နက်ကိုင်ပဋိပက္ခများအတွင်း ကလေးများအပေါ်ချိုးဖောက်မှုများအား အဆုံးသတ်ရေးနှင့် ၎င်းတို့၏အခွင့်အရေးများအာမခံရရှိရေးအတွက် တိုက်ပွဲဝင်သည့် အဖွဲ့ဖြစ်သည်။ ကမ္ဘာလုံးဆိုင်ရာကွန်ယက်အနေနှင့် စောင့်ကြည့်မှတ်တမ်းတင်အဖွဲ့က ဒေသတွင်း၊ နိုင်ငံတွင်းနှင့် နိုင်ငံတကာ အစိုးရမဟုတ်သည့် အန်န်ဂျီအိုအဖွဲ့များအကြား မိတ်ဖက်လုပ်ကိုင်ရေး တည်ဆောက်ကာ အပြန်အလှန်လုပ်နိုင်စွမ်းနှင့် အားများ တိုးမြှင့်လုပ်ဆောင်လျက်ရှိသည်။ အတူတကွလုပ်ကိုင်ရင်း မိမိတို့အနေနှင့် ပဋိပက္ခတွင်းရှိ ကလေးများနှင့်ပတ်သက်သည့် သတင်းအချက်အလက်များအား မဟာဗျူဟာမြောက် စုဆောင်းဖြန့်ဖြူးခြင်းအား အဓိကကျသည့် အဆုံးအဖြတ်ပေးမည့်သူများအနေနှင့် အစီအစဉ်များ စတင်အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရေးနှင့် ကလေးများအား ထိရောက်စွာ အကာအကွယ်ပေးနိုင်သည့် မူဝါဒများ ချမှတ်နိုင်စေရေးအတွက် လုပ်ဆောင်ပေးသည်။

စောင့်ကြည့်မှတ်တမ်းတင်အဖွဲ့ကညီလာခံ၏ ကလေးအခွင့်အရေးများနှင့် ၎င်း၏ကျင့်ဝတ်အပြင် အခြားနိုင်ငံတကာ ချမှတ်ထားသည့် လူ့အခွင့်အရေးနှင့် လူသားဆိုင်ရာစံနှုန်းများအတိုင်း လုံခြုံရေးကောင်စီ၏ဆုံးဖြတ်ချက် ၁၂၆၁၊ ၁၃၁၄၊ ၁၃၇၉၊ ၁၄၆၀၊ ၁၅၃၉နှင့် ၁၆၁၂ တို့၏ အကန့်အသတ်အတွင်းလုပ်ကိုင်ဆောင်ရွက်လျက်ရှိပေသည်။

စောင့်ကြည့်မှတ်တမ်းတင်အဖွဲ့၏ ကြီးကြပ်မှုအား ကလေးများနှင့် လူ့အခွင့်အရေးလုပ်ငန်းများအပေါ်တွင် လူသိများသည့် နိုင်ငံတကာ အစိုးရမဟုတ်သည့်အဖွဲ့အစည်းများ၏ ပဲ့ကိုင်ကော်မတီအဖွဲ့မှ လုပ်ဆောင်သည်။ ဤအစီရင်ခံစာတွင်ပါဝင်သည့် အမြင်တို့မှာ အခြားကွန်ယက်တွင်းရှိအဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပဲ့ကိုင်ကော်မတီအဖွဲ့၏ အမြင်သဘောထား မဟုတ်ပါကြောင်း။

မြန်မာနိုင်ငံရှိ လက်နက်ကိုင်တပ်များနှင့် အုပ်စုများအားလုံးအား ကလေးအခွင့်အရေးသဘောတူညီချက်နှင့် ကလေးများနှင့် လက်နက်ကိုင်ပဋိပက္ခအပေါ် ပတ်သက်မှုအပေါ် စိတ်ကြိုက်ကျင့်ဝတ်တို့အား အထူးဂရုပြု၍ ကလေးများအပေါ် ပြုလုပ်နေသည့် ချိုးဖောက်နှိပ်ကွပ်မှုများအား ချက်ခြင်းရပ်ရန်၊ နိုင်ငံတကာကတိကဝတ်တို့အား တင်းကြပ်စွာလိုက်နာရန်နှင့် နိုင်ငံတကာလူ့အခွင့်အရေးနှင့် လူသားချင်းစာနာမှုဆိုင်ရာဥပဒေများအား ကိုင်စွဲထားရန် တောင်းဆိုမှုများအား ဆက်လက်ငြင်းဆန်မှုမပြုကြရန် အကြံပြုလိုက်ရပေသည်။ ထို့ပြင် ဆောင်ရွက်နေသူအားလုံးတို့အနေနှင့် မြန်မာနိုင်ငံရှိ ကလေးများအား နောက်ထပ် အလွဲသုံးစားပြုခြင်းအား အကာအကွယ်ပေးရေးကို ချက်ခြင်း အရေးယူဆောင်ရွက်မှုပြုရန်နှင့် အကူအညီပေးရေးနှင့် ဆယ်စုနှစ်များစွာဖြစ်ပွားနေသည့် လက်နက်ကိုင်ပဋိပက္ခ၏ အကျိုးဆက်များအား ခံစားရသူများအပေါ် အကူအညီပေးရေးနည်းလမ်း ရှာဖွေရေးတို့ လုပ်ဆောင်ရမည်ဖြစ်သည်။


Photo: International Rescue Committee

ဖက်ရှိ ဒေသများဖြစ်သည့် နာဂစ်ဆိုင်ကလုံးနှင့် ပဋိပက္ခအထိခိုက်ခံဒေသများအပေါ်ကူညီလုပ်ဆောင်ရေးအား တိုးချဲ့ဆောင်ရွက်နိုင်ရန် အပြည့်အဝဆက်လက်ထောက်ပံ့သင့်သည်။

- ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့အနေနှင့် ၎င်း၏ ထိုင်းမြန်မာနယ်စပ်တွင် ကွင်းဆင်းတာဝန်ချထားမှုနှင့် လုပ်နိုင်စွမ်းအား တိုးမြှင့်၍ ကာကွယ်စောင့်ရှောက်ရေးအစီအစဉ်များအား ကြီးကြပ်ကွပ်ကဲရေးနှင့် ကြိုးပမ်းအားထုပ်ပူးပေါင်းဆောင်ရွက်မှုများကို စောင့်ကြည့်စစ်ဆေးအစီရင်ခံမှုယန္တရားအကောင်အထည် ဖော်ဆောင်ရွက်မှုများအတွက် လုပ်ဆောင်သင့်သည်။
- လူသားခြင်းစာနာရေးအကူအညီပေးသည့် အသိုင်းအဝိုင်းအနေနှင့် မြန်မာနိုင်ငံတွင်းလက်နက်ကိုင်ပဋိပက္ခကြောင့် ထိခိုက်ခံစားရသည့် ကလေးများ၏လိုအပ်ချက်များအား တွန်းအားပေးကူညီရေး ကိုင်တွယ်ရန် မြန်မာနိုင်ငံတွင်းနှင့် နယ်စပ်ဖြတ်ကျော်ဆောင်ရွက်လျှက်ရှိသည့် ဒေသတွင်းနှင့် နိုင်ငံတကာအကူအညီပေးအဖွဲ့အစည်းများအတွင်း ပူးပေါင်းအားထုတ်မှုများအား တိုးမြှင့်ဆောင်ရွက်သင့်သည်။ ဆောင်ရွက်မှုလုပ်ငန်းများကိုလည်း ဒေသခံအသိုင်းအဝိုင်းနှင့် အရပ်သားလူမှုအသိုင်းအဝိုင်း၏ အရည်အချင်းတိုးမြှင့်ရေးအမြင်တစ်ခုနေဖြင့် ပေးအပ်သင့်သည်။
- လူသားခြင်းစာနာရေးအကူအညီပေးသည့်အသိုင်းအဝိုင်းအနေနှင့် အကူအညီများအနေနှင့် လူသားခြင်းစာနာရေးဆိုင်ရာစံများအတိုင်း ပေးပို့ခြင်းရှိမရှိ လှုံ့ဆော်မှုများအား ချမှတ်ဆောင်ရွက်ချိန်တွင် အကူအညီများ သယ်ယူပို့ဆောင်ရေးနှင့် မြန်မာနိုင်ငံတွင်းရှိ ကွင်းဆင်းအကူအညီပေးအဖွဲ့များတာဝန်ချထားရေးကို စောင့်ကြပ်စစ်ဆေးမှုအား သေချာစွာလုပ်ဆောင်သင့်သည်။
- အလှူရှင်တို့အနေနှင့် နအဖအား တိုက်ရိုက်ငွေကြေးထောက်ပံ့ရေးအကူအညီအား တားဆီးရေးများကို ထိမ်းသိမ်းလုပ်ဆောင်နေကြသည့်အချိန်တွင် မြန်မာနိုင်ငံတွင်းနှင့် ထိုနယ်စပ်ဖြတ်ကျော်လုပ်ဆောင်နေကြသည့် ပဋိပက္ခဖြစ်ပွားရာဒေသများနှင့် ဤဒေသများအတွင်းနေထိုင်ကြသည့် ကလေးများအား ကာကွယ်ကူညီပေးမှု စီမံကိန်းများအပေါ် အကူအညီအများအပြားတိုးမြှင့်ပေးသင့်သည်။ အခြားမြန်မာနိုင်ငံသို့ပေးအပ်သည့် မည်သည့်အကူအညီမဆို ပိုင်နက်နှင့်ဆိုင်သည့် စံထားမှုအား တင်းကြပ်စွာလိုက်နာ၍ ဆက်လက်ဖြစ်ပွားနေသည့် လက်နက်ကိုင်ပဋိပက္ခနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် အစိုးရ၏ တာဝန်ရှိမှု၊ ပွင့်လင်းမှုနှင့် အရပ်သားအသိုင်းအဝိုင်းပါဝင်ဆောင်ရွက်မှုတို့ဖြစ်သည့် ကျယ်ပြန့်သည့် အလေးထားစရာများအနေနှင့် ထည့်သွင်းစဉ်းစားရမည်ဖြစ်သည်။
- မြန်မာနိုင်ငံမှဒုက္ခသည်များလက်ခံသည့်အစိုးရများအနေနှင့် ကုလသမဂ္ဂဒုက္ခသည်ဆိုင်ရာစာချုပ်အား လက်ခံသင့်ပြီး ကလေးများအတွက်အကျိုးသက်ရောက်စေမည့် ခိုလှုံခွင့် သို့မဟုတ် ဝင်ရောက်ခွင့်လက်ခံမည့် ဆုံးဖြတ်ချက်များ၊ လုပ်ငန်းစဉ်၊ လက်တွေ့ဆောင်ရွက်မှု သို့မဟုတ် ဥပဒေပြုအတိုင်းအတာများအားလုံးအပေါ် ကလေး၏အကောင်းဆုံးအကျိုးစီးပွားဆိုင်ရာ အခြေခံသဘောတရား၏ အဓိကကျမှုအား အသိအမှတ်ပြုသင့်သည်။

အနည်းဆုံးအနေနှင့် ထိုဒုက္ခသည်လက်ခံသည့်နိုင်ငံများအားလုံးအနေနှင့် ဒုက္ခသည်ကလေးတို့၏ အခြေခံလိုအပ်ချက် ပြည့်မီမှုရှိမရှိအား စစ်ဆေးဆောင်ရွက်သင့်သည်။

- မြန်မာနိုင်ငံမှ ဒုက္ခသည်များလက်ခံသည့် အစိုးရများအနေနှင့် မြန်မာနိုင်ငံတွင်း လက်နက်ကိုင်ပဋိပက္ခများကြောင့် ထိခိုက်ခံစားရသည့်ကလေးများ အထူးသဖြင့် ကလေးစစ်သားဟောင်းများ၊ မုဒိန်းကျင့်ခံရခြင်းနှင့် အခြားလိင်ဆိုင်ရာ ရက်စက်ကြမ်းကြုတ်မှုပုံစံမျိုးစုံခံစားရသည့်ကလေးများအား ကာကွယ်ထောက်ပံ့မှုမြှင့်တင်အားပေးလုပ်ဆောင်သည့် ယန္တရားဖော်ဆောင်နေသည့် ကုလသမဂ္ဂနှင့် အစိုးရမဟုတ်သည့်အဖွဲ့များအား ထောက်ပံ့ပေးသင့်သည်။
- အခြားအစိုးရများအနေနှင့် မြန်မာအာဏာပိုင်များအား ဩဇာလွှမ်းမိုးမှုဖြင့် မြန်မာနိုင်ငံတွင်းရှိ လူသားခြင်း စာနာသည့် အကူအညီလိုအပ်သည့် ပြည်သူပြည်သားတို့ထံသို့ပေးပို့သည့် အကူအညီများအား တားဆီးမှုကို ပယ်ဖျက်ရန်နှင့် အကူအညီ၊ ကျွမ်းကျင်မှုနှင့် ကရိယာပစ္စည်းတို့အား ထိုပြည်သူများထံ ရောက်ရှိစေရေး ခွင့်ပြုပေးရန် လုပ်ဆောင်သင့်သည်။

## ၃။ လက်နက်ကိုင်ပဋိပက္ခကြောင့် ထိခိုက်ခံစားရသည့်ကလေးများအပေါ် ဖောက်ဖျက်ကျူးလွန်မှုများအားလုံးကို စောင့်ကြပ်စစ်ဆေးမှုနှင့် အစီရင်ခံမှုတို့ကို အားမြှင့်လုပ်ဆောင်ရေး

- နအဖနှင့် ပြည်နယ်မဲ့လက်နက်ကိုင်အင်အားစုများအနေနှင့် စောင့်ကြည့်စစ်ဆေးအစီရင်ခံမှုယန္တရားအား ထောက်ပံ့မှုလုပ်ဆောင်သင့်၍ မြန်မာနိုင်ငံတွင်းရှိအထူးတပ် သို့မဟုတ် သင့်လျော်သည့် ထိုင်းနိုင်ငံရှိ အထူးတပ်၏ အကောင်အထည်ဖော်ဆောင်ရွက်မှုများအား အပြည့်အဝ ပူးပေါင်းဆောင်ရွက်သင့်သည်။ ၎င်းတို့အနေနှင့် အချက်အလက်ရှာဖွေရေးစီမံချက်များလုပ်ဆောင်လျှက်ရှိသည့် နိုင်ငံတကာအသင်းအဖွဲ့များအား ကြိုဆိုသင့်သည့်အပြင် ကလေးများ၏အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးနှင့် တိုးမြှင့်ပေးရေး ဆွေးနွေးမှုများ လုပ်ဆောင်သင့်သည်။
- ကုလသမဂ္ဂလုံခြုံရေးကောင်စီအနေနှင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်အား ကလေးများအပေါ်ဆိုးရွားသည့် လုပ်ဆောင်မှုများအားလုံး၏ အကျယ်အဝန်းနှင့် နက်ရှိုင်းမှုတို့အားထင်ဟပ်သည့် မှတ်တမ်းထားရှိသည့် မှုခင်းသတင်းအချက်အလက်များအား မြန်မာဒေသခံအဖွဲ့အစည်းများနှင့် ကွန်ယက်များဖြင့် အနီးကပ်ပူးပေါင်းဆောင်ရွက်ကာ ထုတ်ပြန်ပေးရန် တောင်းဆိုသင့်သည်။
- မြန်မာနှင့် ထိုင်းနိုင်ငံရှိ စောင့်ကြည့်စစ်ဆေးအစီရင်ခံမှုယန္တရားအထူးတပ်များအနေနှင့် ၎င်းတို့၏ စောင့်ကြည့်စစ်ဆေးခြင်း၊ အစီရင်ခံခြင်းနှင့် အမှုအပေါ် လိုက်ပါဆောင်ရွက်ခြင်း စသည့် လေးစားဖွယ်အခန်းကဏ္ဍများနှင့် တာဝန်ရှိမှုများအား နားလည်သဘောပေါက်သင့်သည်။ ဤအချက်က အထူးတပ်နှစ်ခုစလုံးအနေနှင့် ကုလသမဂ္ဂဌာနေအမှုဆောင်၏ နှစ်မြှုပ်လုပ်ဆောင်နေသည့် ဦးဆောင်မှုဖြင့် ကုံလုံသည့် သင့်လျော်မှုတို့အတွက် အရေးပေါ်အားထုတ်မှုများ လိုအပ်သည်။
- မြန်မာနှင့် ထိုင်းနိုင်ငံရှိ စောင့်ကြည့်စစ်ဆေးအစီရင်ခံမှု ယန္တရားအထူးတပ်များအနေနှင့် ကလေးအခွင့်အရေးချိုးဖောက်မှုများအား စောင့်ကြည့်စစ်ဆေးမှုများနှင့်အစီရင်ခံမှုတို့အား နှစ်များစွာ အတွေ့အကြုံရှိသည့် မြန်မာ အစိုးရမဟုတ်သည့်အဖွဲ့များ (မြန်မာအန်န်ဂျီအိုများ) နှင့် အထူးသဖြင့် ကုလသမဂ္ဂမှထိရောက်သည့် နေရာချထားမှုမရှိသည့်နေရာများတွင် ပူးပေါင်းဆောင်ရွက်မှုများ လုပ်ဆောင်သင့်သည်။ ဤအချက်တွင် ၎င်းတို့၏ စက်မှုပညာပိုင်းဆိုင်ရာနှင့် ဘဏ္ဍာရေးလုပ်နိုင်စွမ်းအား မြှင့်တင်ပေးခြင်းနှင့် ၎င်းတို့နှင့် အနီးကပ်စုပေါင်း လုပ်ဆောင်ကာ ကုလသမဂ္ဂအား သတင်းတင်ပြမှုအနေနှင့် ကုလသမဂ္ဂ အစီရင်ခံမှုအတိုင်းလိုက်မလိုက် စစ်ဆေးခြင်းတို့ ပါဝင်မည်ဖြစ်သည်။
- နိုင်ငံတကာအလုပ်သမားအဖွဲ့ကြီး ILO အနေနှင့် ၎င်း၏ အဓမ္မခိုင်းစေမှုနှင့် ကလေးစစ်သားစုဆောင်းခြင်းအပေါ် တိုင်ကြားမှုယန္တရားအား တိုးမြှင့်လုပ်ဆောင်၍ ကျူးလွန်ခံရသူများ၊ မျက်မြင်သက်သေနှင့် တိုင်ကြားသူများအား လျှို့ဝှက်ထားခြင်းနှင့် အကာအကွယ်ပေးခြင်းတို့အပြင် ထိုအစီရင်ခံစွပ်စွဲမှုများအားလုံးအား အခိုင်အမာလိုက်ပါဆောင်ရွက်မှုပြုမပြုတို့ကို စီစစ်ရေးတို့အား လုပ်ဆောင်သင့်သည်။ ဤအချက်တွင် သတင်းမီဒီယာနှင့် အခြားဆက်သွယ်ရေးလမ်းကြောင်းများအသုံးပြုကာ ယန္တရားတည်ရှိမှုနှင့်လုပ်ကိုင်ဆောင်ရွက်မှုအပေါ် လူထုနိုးကြားမှုအား တိုးမြှင့်ပေးခြင်းတို့ ပါဝင်ပေသည်။
- ကုလသမဂ္ဂနိုင်ငံဆိုင်ရာအလုပ်အဖွဲ့များနှင့် အစိုးရမဟုတ်သည့် NGO ပူးပေါင်းအဖွဲ့များအနေနှင့် တက်ကြွစွာဖြင့် စောင့်ကြည့်စစ်ဆေးအစီရင်ခံယန္တရားတွင် မြန်မာနိုင်ငံအခြေစိုက်အထူးတပ် သို့မဟုတ် သင့်လျော်သည့် ထိုင်းအခြေစိုက်အထူးတပ်ထံသို့ တိုင်ကြားမှုထောက်ပံ့ပေးရေးနှင့် သင့်လျော်သည့် သတင်းအချက်အလက်များဝေမျှခြင်းတို့ကို လုပ်ဆောင်သင့်သည်။
- လူသားခြင်းစာနာထောက်ပံ့ရေးအသိုင်းအဝိုင်းအနေနှင့် မြန်မာနှင့် ထိုင်းနိုင်ငံရှိ ကုလသမဂ္ဂနိုင်ငံဆိုင်ရာအလုပ်အဖွဲ့များအား ထပ်မံတိုးမြှင့်လုပ်ဆောင်မှုဖြစ်သည့် ၎င်းတို့ကိုယ်တိုင် စောင့်ကြည့်စစ်ဆေးခြင်း၊ အစီရင်ခံခြင်းနှင့် ထောက်ပံ့ခြင်းတို့ဖြစ်သည့် ကလေးကာကွယ်မှုလုပ်ဆောင်နိုင်စွမ်းကို တွန်းအားပေး လုပ်ဆောင်သင့်သည်။
- အလှူရှင်များအနေနှင့် လုံလောက်သည့် ထောက်ပံ့မှုနှင့် ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံရှိ ကုလသမဂ္ဂနိုင်ငံအလုပ်အဖွဲ့များ၊ နိုင်ငံတကာ အစိုးရမဟုတ်သည့် အန်န်ဂျီအိုအဖွဲ့အစည်းများနှင့် ဒေသခံအဖွဲ့များ၏ မြန်မာ့လက်နက်ကိုင်ပဋိပက္ခကြောင့် ထိခိုက်ခံစားရသည့် ကလေးများကိစ္စအား စစ်ဆေးသတင်းပို့ရေး ကြိုးစားစိုက်ထုတ်မှုတို့အား အားမြှင့်ပေးခြင်းအပြင် ၎င်းတို့၏ ပူးပေါင်းလုပ်ဆောင်မှုနှင့် ပူးတွဲဆောင်ရွက်မှုတို့ကို တိုးမြှင့်လုပ်ဆောင်နိုင်စေရေးအတွက် ပံ့ပိုးပေးသင့်ပေသည်။

WATCHLIST ON CHILDREN AND ARMED CONFLICT

**Watchlist on Children and Armed Conflict** c/o Women's Refugee Commission
122 East 42nd Street, 11th floor - New York, NY 10168-1289 • Phone: 212-551-2941 • Fax: 212-551-3180
Email: **watchlist@watchlist.org**
ကလေးများနှင့် လက်နက်ကိုင်ပဋိပက္ခ စောင့်ကြည့်မှတ်တမ်းတင်အဖွဲ့ အမျိုးသမီးဒုက္ခသည်ကော်မရှင်
၁၂၂ အရှေ့ ၄၂ လမ်း၊ ၁၁ ထပ် နယူးယောက်၊ အန်န်ဝိုင် ၁၀၁၆၈–၁၂၈၉ တယ်လီဖုန်း– ၂၁၂ ၅၅၁ ၂၉၄၁ ဖက်စ်– ၂၁၂ ၅၅၁ ၂၉၄၁
အီးမေးလ်– **watchlist@watchlist.org**